ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၁၈) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်**

**( ၂၀၁၆ ခုနှစ်၊ မေလ ၃ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၁။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀ )ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၃.၆၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၁၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ဆက်လက်ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ပြုလုပ်ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမ ပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့ ၃-၅-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိတဲ့ အမျိုးသားလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဒေါက်တာဌေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ဗိုလ်မှူးအောင်ကိုမင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)တို့ ဖြစ်ကြပါတယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၈)ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူ(၆)ဦး ဖြစ်တဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ (၁၄)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူများကို ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၈)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြု ထားသူ (၁၄)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဖလမ်းမြို့သို့ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း မဟာဓာတ်အားလိုင်း ရောက်ရှိမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဖြေကြားခဲ့ပြီးဖြစ်သော်လည်း ယခုအချိန်ထိ မဟာဓာတ်အားလိုင်း အဘယ်ကြောင့် မရရှိသေးသည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က ဖလမ်းမြို့သို့ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း မဟာဓာတ်အားလိုင်းရောက်ရှိမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနမှ ဖြေကြားခဲ့ပြီး ဖြစ်သော်လည်း ယခုအချိန်ထိ မဟာဓာတ်အားလိုင်း အဘယ်ကြောင့် မရရှိ သေးသည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့်ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုပါတယ်။ကျွန်တော်ကတော့ ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖလမ်းမြို့သို့ မဟာဓာတ်အားလိုင်း ရရှိရေးအတွက် အရင်လွှတ်တော်တွင် ကျွန်တော်မှ မေးမြန်းခဲ့ရာတွင် လျှပ်စစ်ဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ခုနှစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ တစ်ဖန် ၂၀၁၄-၂၀၁၅ ဘတ်ဂျက်တွင် ထည့်သွင်းမလာသောကြောင့် ကျွန်တော့်အနေဖြင့် အစိုးရ၏ ကတိကဝတ် အတိုင်း ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲပေးရန် ထပ်မံတင်ပြရာ ၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ဘတ်ဂျက်များတွင် အသီးသီး (၂)နှစ်ဆက်တိုက် ထည့်သွင်းရေးဆွဲခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့ပါတယ်။ သို့သော်လည်း ယခုအချိန်အထိ ဖလမ်းမြို့တွင် မဟာဓာတ်အားလိုင်း မရရှိသေးပါ။ မပြီးစီးသေးပါ။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်မေးခွန်း (၃)ခုမေးမြန်းလိုပါတယ်။ ပထမဆုံးမေးခွန်းကတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြီးစီးရမည်ဖြစ်သော်လည်း ယခုအချိန်ထိ မပြီးစီးသေးခြင်းသည် အဘယ်ကြောင့်နည်းလို့ မေးမြန်းလိုပါတယ်။ နောက် ဒုတိယမေးခွန်းကတော့ လုပ်ငန်းဆောင်ရွက်ရာတွင် ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်တာလား သို့မဟုတ် ဌာနဆိုင်ရာလုပ်ငန်း

အဖြစ်ဆောင်ရွက်တာလား သို့မဟုတ် ဌာနဆိုင်ရာနှင့် ကန်ထရိုက်စနစ်ပူးတွဲ၍ဆောင်ရွက်တာလား ဆိုတာလေး မေးမြန်းလိုပါတယ်။ ပြီးတော့ နောက်ဆုံးတတိယမေးခွန်းကတော့ ဘဏ္ဍာနှစ်တစ်ခုတွင် ပြီးစီးရမည့် လုပ်ငန်းတစ်ခုသည် အဲဒီဘဏ္ဍာနှစ်တွင်ပြီးစီးအောင် မဆောင်ရွက်ဘဲ နောက်ဘဏ္ဍာနှစ်များတွင် ဆောင်ရွက်ခြင်းသည် အကျင့် သို့မဟုတ် ယဉ်ကျေးမှုတစ်ခု ဖြစ်မသွားအောင် အစိုးသစ်လက်ထက်တွင် မည်ကဲ့သို့စီမံဆောင်ရွက်မည်နည်းဆိုတာကိုလည်း အပြုသဘော တင်ပြမေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။ဖြေကြားပြီးရင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးဖေဇင်ထွန်း (ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဦးဖေဇင်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ် (၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း မေးမြန်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးဖို့ (၆၆)KV ဂန့်ဂေါ- ဟားခါး ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံ စီမံကိန်းကို ၈-၇-၂၀၁၄ မှာ တည်ဆောက်ပြီးစီးလို့ ဓာတ်အားပို့လွှတ်ထားပြီး ဖြစ်ပါတယ်။ အဲဒီဓာတ်အားလိုင်းကနေတစ်ဆင့် ကျွန်တော်တို့ ဖလမ်းမြို့ကို ဓာတ်အားပေးဖို့အတွက် (၆၆)KV ဟားခါး- ဖလမ်း ဓာတ်အားလိုင်း (၂၄.၅)မိုင်နှင့် ၆၆/၁၁ KV၊ (၁၅)MVA (၂)လုံး ဖလမ်းဓာတ်အားခွဲရုံ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

အဆိုပါလုပ်ငန်းအတွက် ၂၀၁၄-၂၀၁၅ ဘတ်ဂျက်တောင်းခံရရှိမှုအရ တင်ဒါခေါ်ဆိုခြင်း ပစ္စည်းများဝယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီတော့ ရရှိခဲ့တဲ့ ပစ္စည်းများအရ ၂၀၁၅ခုနှစ် ဇန်နဝါရီလမှာစတင်ပြီးတော့ လုပ်ငန်းစတင်တည်ဆောက်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် မိုးရာသီမှာ ရေကြီးခြင်း၊မြေပြိုခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုရှိသဖြင့် စီမံကိန်းပစ္စည်းများ ပို့ဆောင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်သွားပါတယ်။ ၎င်းအပြင် တာဝါတိုင်နေရာများရှိ မြေလွှာများ ပြတ်ရွေ့ခြင်း၊ မြေကျွံခြင်းများဖြစ်ပေါ်ပြီးတော့ တာဝါတိုင်ဖောင်ဒေးရှင်းများ ရွေ့လျားပျက်စီးခြင်း တို့ကြောင့် ပြန်လည်ပြုပြင်တည်ဆောက်ရသဖြင့် ဖလမ်းမြို့သို့ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း မဟာဓာတ်အားလိုင်း သွယ်တန်းမှု ပြီးစီးအောင် သွယ်တန်းနိုင်ခြင်း မရှိခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ယခုအခါ (၆၆)KV ဟားခါး-ဖလမ်း ဓာတ်အားလိုင်းက (၉၉.၂၃) ရာခိုင်နှုန်း တည်ဆောက်ပြီးစီးပြီဖြစ်ပါတယ်။ (၆၆)KV ဖလမ်းဓာတ်အားခွဲရုံမှာ (၁၀၀)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ အဲဒီတော့

ကျွန်တော်တို့ရက်ပေါင်း (၁၀၀)အတွင်းမှာ ဆောင်ရွက်မယ့် ဖလမ်းမြို့လျှပ်စစ်ဓာတ်အား ပေးပို့ရန် မကြာမီ ဖြန့်ဖြူးနိုင်တော့မှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ထည့်သွင်းပြီးတော့ မေးမြန်းတဲ့ မေးခွန်း(၂)ခုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ဖြည့်စွက် ဖြေကြားပါမယ်။ အဲဒါကတော့ လုပ်ငန်းဆောင်ရွက်ရာမှာ ကျွန်တော်တို့ အမြန်ဆုံး ဓာတ်အားရရှိရေးအတွက် ဌာနဆိုင်ရာရော ကျွန်တော်တို့ ကျွမ်းကျင်သူကန်ထရိုက်တာတွေရော ခေါ်ပြီးတော့ ဆောင်ရွက်တာဖြစ်ကြောင်း ဖြေကြားလိုပါတယ်။ နောက်ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ခြင်းမဖြစ်ဖို့အတွက် မည်သို့ဆောင်ရွက်မလဲဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဘဏ္ဍာရေးနှစ်အတွင်းမှာ ဘတ်ဂျက် ရထားပြီဖြစ်သော်လည်း လုပ်ငန်းသဘောသဘာဝအရ ကျွန်တော်တို့ တင်ဒါ ခေါ်ယူရပါတယ်။ တင်ဒါခေါ်ယူပြီးတော့ ပစ္စည်းများကို ကျွန်တော်တို့ သတ်မှတ်ချိန်အတွင်း ရောက်ရှိအောင် ဆောင်ရွက်ရတာတွေရှိပါတယ်။ အဲဒီလုပ်ငန်းသဘောသဘာဝအရသာ ဖြစ်ပြီးတော့ ကျွန်တော်တို့ဟာ ဒါတမင် Delay နောက်ကျအောင် ဆောင်ရွက်တာ မရှိပါကြောင်းနှင့် ဒီထက်ပိုမိုကောင်းမွန်ပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း တင်ပြရင်း ကျွန်တော့်ရဲ့အဖြေကို နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင်ရှိသော ဝေန်မြစ်ကူးကြိုးတံတား(ပုသိမ်)၏ တံတားခံနိုင်ဝန်၊ ကြံ့ခိုင်မှု တို့အား ပုံမှန်စစ်ဆေးခြင်း၊ ထိန်းသိမ်းမွမ်းမံပြုပြင်ခြင်းများ ပုံမှန်ဆောင်ရွက်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး က ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင်ရှိသော ဝေန်မြစ်ကူးကြိုးတံတား(ပုသိမ်)၏ တံတားခံနိုင်ဝန်၊ ကြံ့ခိုင်မှု တို့အား ပုံမှန်စစ်ဆေးခြင်း၊ ထိန်းသိမ်းမွမ်းမံပြုပြင်ခြင်းများ ပုံမှန်ဆောင်ရွက်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ ပြည်ထောင်စုဝန်ကြီးများ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်မာခြင်းများနှင့် ပြည့်စုံပြီး မင်္ဂလာအပေါင်းနဲ့ ခညောင်းပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင်ရှိသော ဝေန်မြစ်ကူးကြိုးတံတား(ပုသိမ်)၏ တံတားခံနိုင်ဝန်၊ ကြံ့ခိုင်မှုတို့အား ပုံမှန်စစ်ဆေးခြင်း၊ ထိန်းသိမ်းမွမ်းမံပြုပြင်ခြင်းများ ပုံမှန်ဆောင်ရွက်ခြင်း ရှိ/မရှိ နှင့် ရှိပါက မည်သည့်အချိန်ဇယားဖြင့် မည်သို့ဆောင်ရွက်သည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းတဲ့ မေးခွန်းက ဧရာဝတီမြစ်ကူးတံတား(ပုသိမ်)ကို အခြေခံပြီးတော့ မေးမြန်းမှာဖြစ်သော်လည်း တစ်နိုင်ငံလုံးမှာရှိတဲ့ တံတားများနဲ့လည်း သက်ဆိုင်တဲ့အတွက် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး

ပုသိမ်မြို့တွင်ရှိသော ဝေန်မြစ်ကူးတံတား(ပုသိမ်)သည် ၂၀၀၄ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး အသုံးပြု လာခဲ့ပါတယ်။ အဆိုပါတံတားဟာ ပုသိမ်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ငွေဆောင်၊ ချောင်းသာ စသည့်ဒေသများသို့သွားရာတွင် အဓိကဖြတ်သန်းသွားလာနေရတဲ့ တံတားတစ်စင်းလည်း ဖြစ်ပါတယ်။ ဒေသခံပြည်သူများ၏ လူမှုဘဝအရပ်ရပ်အတွက် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်ကိစ္စရပ်များတွင် အားကိုးအားထားပြုရာ အဓိကတံတားတစ်စင်း ဖြစ်တဲ့အပြင် ငွေဆောင်၊ ချောင်းသာ ကမ်းခြေများသို့ သွားရောက်အပန်းဖြေကြတဲ့ ပြည်တွင်းပြည်ပ ခရီးသွားများ နေ့စဉ်အသုံးပြု နေသော အဓိကကျတဲ့ တံတားတစ်စင်းလည်းဖြစ်ပါတယ်။

အဆိုပါ ပုသိမ်ကြိုးတံတားဟာ လွန်ခဲ့တဲ့ ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှာ တံတား (၄)လက်မခန့် နိမ့်ကျမှု ဖြစ်ပွားခဲ့ပါတယ်။ ထိုကဲ့သို့ တံတားနိမ့်ကျမှု နှင့်ပတ်သက်ပြီး သတင်းမီဒီယာများ အရ တံတားနိမ့်ကျသွားတဲ့ အကြောင်းရင်းကို တာဝန်ရှိသူ တစ်ဦးက ဖြေကြားရာတွင်လည်း အများ ပြည်သူများ လက်ခံနိုင်လောက်တဲ့ အဖြေမျိုးမဟုတ်ဘဲ တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်းသည့် အဖြေမျိုးဖြစ်ခဲ့တဲ့အတွက် အဲဒီမှာ ပြည်သူလူထုတွေအနေနဲ့ မေးခွန်းများ များစွာပေါ်ပေါက်ခဲ့ပါတယ်။ စိုးရိမ်ကြောင့်ကျမှုများလည်း ဖြစ်ပွားခဲ့ပါတယ်။ အဲဒါတွေက ဘာလဲဆိုတော့ အဲဒီအဖြေတွေထဲမှာ ဘာပါလဲဆိုတော့ နှစ်တွေကြာလာတော့ သံချေးကိုက်ပြီး Nut တွေ ပျက်ကုန်တယ်။

ဒါကြောင့် တံတားနိမ့်သွားတာဆိုပြီး ဖြေကြားခဲ့ပါတယ်။ ကျွန်တော့်ဆီကိုလည်း တိုက်ရိုက် မေးမြန်းတာတွေရှိပါတယ်။ အဲဒီမှာ တံတားက ပုံမှန်မစစ်ဆေးလို့လား၊ ပြုပြင်ထိန်းသိမ်းခြင်းများမရှိလို့ ပျက်စီးတာလားဆိုတဲ့ကိစ္စလည်း ရှိပါတယ်။ ထိုကဲ့သို့ ပျက်စီးပြီးမှ ပြင်ဆင်မှုမျိုးဖြစ်သလား၊ နောက်တစ်ခု က အဲဒီလို အသုံးပြုတဲ့အခါမှာ ပြည်သူတွေအသုံးပြုတဲ့အခါမှာ ဘေးကင်းလုံခြုံမှုမရှိဘူး၊ စိတ်ချရမှု မရှိဘူး၊ ကျွန်တော်တို့ အဲဒီအတွက်ကြောင့် အသုံးပြုရာတွင် ဘေးကင်းလုံခြုံမှု မရှိတဲ့ကိစ္စတွေနဲ့ ပတ်သက် ပြီးတော့လည်း ဝေဖန်သံများ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာပြီးတော့ ပြည်သူများက စိုးရိမ် ကြောင့်ကျမှုများစွာလည်း ဖြစ်ပေါ်ခဲ့ရပါတယ်။ ကျွန်တော့်ဆီကိုလည်း မေးမြန်းဆွေးနွေးမှုများလည်း များစွာ ရှိခဲ့ပါတယ်။ သို့ပါသောကြောင့် လမ်းတံတားများ အရည်အသွေးပြည့်မီစွာ သက်တမ်းပြည့် အသုံးပြုနိုင်ရန်လည်းကောင်း၊ အများပြည်သူတို့၏ ဘေးကင်းစိတ်ချ လုံခြုံမှုရှိရေးနှင့် စိုးရိမ်ကြောင့်ကျမှု များ သက်သာစေရန်အတွက် သိသင့်သည်များကို သိရှိစေရန် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ရှိသော ဝေန်မြစ်ကူးကြိုးတံတား(ပုသိမ်)၏ တံတားခံနိုင်ဝန် ကြံ့ခိုင်မှုတို့အား စစ်ဆေးခြင်း၊ ထိန်းသိမ်း မွမ်းမံပြုပြင်ခြင်းများ ပုံမှန်ဆောင်ရွက်ခြင်း ရှိ/မရှိနှင့် ရှိပါက မည်သို့မည်ပုံ ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။ ဖြေကြားပြီးရင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၈။**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ အမှတ်(၁)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမိုး မှ မေးမြန်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ရှိသော ဝန်မြစ်ကူးကြိုးတံတား (ပုသိမ်)၏ တံတားခံနိုင်ဝန်၊ ကြံ့ခိုင်မှုတို့အား ပုံမှန်စစ်ဆေးခြင်း၊ ထိန်းသိမ်းမွမ်းမံပြုပြင်ခြင်းများနှင့် ပုံမှန်ဆောင်ရွက်ခြင်း ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်း၍ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပုသိမ်ကြိုးတံတားအား ၃၀-၇-၂၀၀၃ ခုနှစ်မှ စတင်၍ တည်ဆောက်ခဲ့ပြီး ၂၂-၁၁-၂၀၀၄ ခုနှစ်တွင် ဖွင့်လှစ်အသုံးပြုခဲ့ရာ ယခုအချိန်တွင် သက်တမ်း (၁၂)နှစ်ခန့် ရှိပြီးဖြစ်ပါတယ်။ ပုသိမ်ကြိုးတံတား သံဘောင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ China Machine - Building International Corporation (CMIC)မှ ဝယ်ယူတည်ဆောက်ခဲ့ပြီး၊ တံတား၏ ခံနိုင်ဝန်မှာ တန်(၆၀) ဖြစ်ပါတယ်။ တံတားစတင် အသုံးပြုချိန်မှစ၍ တံတားသံဘောင်နှင့် ကြံ့ခိုင်မှုများကို စစ်ဆေးပြီး မူလီပြုတ်တောက်မှုများကို လဲလှယ်ခဲ့ရာ ယခုအချိန်အထိ ထိန်းသိမ်းရေးလုပ်ငန်း တစ်ရပ်အနေဖြင့် မူလီ(၁၆၀)ခန့်ကို ပြန်လည်တပ်ဆင်ပြီးဖြစ်ပါတယ်။ ၇-၂-၂၀၁၆ ခုနှစ်၊ နံနက် ၂း၀၀ အချိန်တွင် ချောင်းသာဘက်ကမ်း တာဝါတိုင်နေရာရှိ ကြမ်းခင်းအဆက် Expension Joint ၄ လက်မခန့် နိမ့်ကျသွားသဖြင့် တံတားဦးစီးမှ တာဝန်ရှိသူများနှင့် တံတားအထူးအဖွဲ့(၁၅)၊ အထူးအဖွဲ့(၁၀)တို့မှ တာဝန်ခံအင်ဂျင်နီယာတို့က အသေးစိတ် စစ်ဆေးပြီး ပြင်ဆင်မှုများ ပြုလုပ်ခဲ့ရာ ၁၅-၂-၂၀၁၆ နံနက်ပိုင်းတွင် မူလအနေအထားအတိုင်း ယာဉ်များ ပြန်လည်သွားလာနိုင်ပြီ ဖြစ်ပါတယ်။ ကြမ်းခင်းနိမ့်ကျရခြင်းမှာ Bearing အထိုင် သံပြားနှင့် တံတားသံဘောင်အား ချိတ်ဆက်ထားသော Bolt and Nut (၈)လုံး ပြုတ်ထွက်သွား၍ ကြမ်းခင်းနိမ့်ကျခဲ့ရခြင်း ဖြစ်ပါတယ်။

အဆိုပါ Bolt and Nut နှင့် Bearing အထိုင်များကို အသစ်ပြန်လည် တပ်ဆင်ခဲ့သည့်အပြင် တံတားသံဘောင်ကြမ်းခင်းအနေဖြင့် ပိုမိုခိုင်ခံ့စေရန် အကူ Roller Bearing များလည်း ထပ်ဖြည့်တပ်ဆင်ပြုပြင် ဆောင်ရွက်ခဲ့ပါတယ်။ ၁၀-၂-၂၀၁၆ ရက်မှ ၁၁-၂-၂၀၁၆ ရက်များတွင် တံတားအရည်အသွေး ထိန်းသိမ်းရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး မြို့ပြနှင့် အဖွဲ့ဝင်များမှ တံတား၏ Suspender ကြိုးများကိုလည်း မူလခံနိုင်ဝန်အတိုင်း ထမ်းနိုင်ခြင်း ရှိ/မရှိ၊ Stress, Strain and Cable Force Measuring Instrument အသုံးပြု၍ တိုင်းတာခဲ့ခြင်းနှင့် တာဝါတိုင်များ၊ ကြိုးထိန်းခုံများကို အသေးစိတ် စစ်ဆေးခဲ့ရာ Design ခံနိုင်ဝန်အတိုင်း ပြည့်မီကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

ယခုအခါ ပုသိမ်ကြိုးတံတား ပုံမှန်မျက်မြင် စစ်ဆေးခြင်း (Visual Inspection) ကို (၃)လ တစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ပြီး၊ ကြိုးတင်းအား တိုင်းတာသော Stress, Strain and Cable Force

Measuring Instrument စက်ကိရိယာများကို အသုံးပြု၍ တစ်နှစ်လျှင် တစ်ကြိမ် (Annual Inspection) အားဖြင့် အသေးစိတ်တိုင်းတာစစ်ဆေး ထိန်းသိမ်းသွားမှာဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၃။**

**ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ယခုကဲ့သို့ ဖြေကြားပေးတဲ့အတွက် ကျွန်တော့်အနေနဲ့လည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော် အနေနဲ့ တစ်ဆက်တစပ်တည်း မေးခွန်းလေး ဆက်လက်မေးခွင့်ပြုပါ။ ပုသိမ်ကြိုးတံတားကို (၃)လ (၁)ကြိမ်၊ (၁)နှစ် (၁)ကြိမ် အသေးစိတ်ပြုပြင်ထိန်းသိမ်းမှုများ လုပ်သွားမယ်လို့ သိရပါတယ်။ အဲဒီတော့ ကျွန်တော်သိရှိလိုတာက ဒီပုံမှန်ထိန်းသိမ်းမှုတွေကို ပြဋ္ဌာန်းထားသော်လည်း ပုံမှန်မဆောင်ရွက်လျှင် ဘယ်လိုမျိုး စောင့်ကြည့်ကြပ်မတ်ထိန်းသိမ်းမှုများ ဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ၊ ရှိပါကလည်း ဘယ်လိုမျိုး ကြပ်မတ်ဆောင်ရွက်ပြီးတော့ အရေးယူမှုမျိုးလုပ်သွားမလဲ။ နောက်တစ်ခုက တစ်နိုင်ငံလုံး မှာရှိတဲ့ တံတားတွေကိုရော ဘယ်လိုမျိုး အရည်အသွေးထိန်းသိမ်းမှုတွေ၊ စစ်ဆေးမှု၊ ပြုပြင်ထိန်းသိမ်းမှု တွေ လုပ်သွားဖို့ အစီအစဉ် ရှိ/မရှိလေးကို သိချင်ပါတယ်ခင်ဗျား။ ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီး အနေနဲ့ ချက်ချင်းဖြေကြားနိုင်မယ်ဆိုရင် ဖြေကြားပါ။ ချက်ချင်း မဖြေကြားနိုင်မယ့် အခြေအနေမျိုးဆိုရင်တော့ စာနဲ့ ဖြေကြားနိုင်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ချက်ချင်းဖြေကြား နိုင်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ယခု လက်ရှိအစိုးရတက်လာပြီးတဲ့နောက်ပိုင်း ကျွန်တော့် အနေနဲ့ ပြည်သူ့ဆောက်လုပ်ရေး ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှာရှိတဲ့ လမ်းဌာနတွေ၊ တံတားဌာနတွေ၊ ကျွန်တော်တို့ အထူးသဖြင့် ပြည်သူလူထုနဲ့ ပတ်သက်တဲ့ ဘေးအန္တရာယ်ကင်းရှင်းမှုနဲ့ ပတ်သက်တဲ့ ဌာနတွေ အားလုံးကို ရက်(၁၀၀)စီမံချက်အနေနဲ့ ခုနပြောတဲ့ (Safety)နဲ့ ပတ်သက်တာ တွေ၊ အရည်အသွေး ထိန်းသိမ်းရေးနဲ့ ပတ်သက်တာတွေ ဒါတွေကို ကျွန်တော်တို့ စီမံချက်တွေ အခုချပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အခုဆိုရင် ကျွန်တော်တို့ တံတားနဲ့ပတ်သက်ပြီးတော့လည်း ပဏာမအနေနဲ့တော့ ရက်(၁၀၀)စီမံကိန်းမှာ ကျွန်တော်တို့ အထူးသဖြင့် မြန်မာပြည်မှာရှိတဲ့ တံတားကြီး တွေပါ။ ဧရာဝတီမြစ်ဖြတ် တံတားကြီးတွေ၊ စစ်တောင်းမြစ်ဖြတ် တံတားကြီးတွေ၊ ချင်းတွင်းမြစ်ကို ဖြတ်တဲ့တံတားကြီးတွေ၊ ဒီတံတားကြီးတွေကို ကျွန်တော်တို့ အထူးစီမံချက်တစ်ရပ်အနေနဲ့ အကုန်လုံး အနေနဲ့ ကျွန်တော်တို့ ပြန်စစ်ပါတယ်။

ဒါကတော့ လက်ရှိတက်လာတဲ့ အစိုးရရဲ့ ပထမဆုံး ဆောင်ရွက်တဲ့ အရည်အသွေး ထိန်းသိမ်းရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ ကျွန်တော်တို့ ခုန လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ တံတားကြီးတွေ ရေရှည်ခိုင်ခန့်ရေး၊ ပြည်သူလူထုရဲ့ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ရက်(၁၀၀) စီမံကိန်းမှာလည်း ဆောင်ရွက်မှာ ဖြစ်ပါတယ်။ရက်(၁၀၀)စီမံကိန်း ဆိုပေမယ့်လည်း ဒီရက်(၁၀၀) စီမံကိန်းကနေပြီး ကျွန်တော်တို့က ရေတို၊ ရေလတ်၊ ရေရှည်ထိန်းသိမ်းမှု အစီအစဉ်တွေကိုလည်း

ကျွန်တော်တို့ ချမှတ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း တံတားကြီးတွေ ရေရှည်ခံဖို့၊ တံတားကြီးတွေရဲ့ ဘေးအန္တရာယ် ကင်းရှင်းစွာ ပြည်သူလူထုသွားနိုင်ဖို့ ဒီလိုဖြစ်အောင် ကျွန်တော်တို့ အနေနဲ့လည်း စနစ်တကျ ရေရှည်မှာ ဒီလိုကိစ္စမျိုးတွေ မဖြစ်အောင် ဆောင်ရွက်မယ်လို့ ကျွန်တော့် အနေနဲ့ ပြောကြားလိုပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)(အတွင်းရေးမှူး၊ ဥပဒေကြမ်း ကော်မတီ)က နိုင်ငံတော်ကောင်စီ ဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဥပဒေကြမ်းကော်မတီ၊ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ)အရ နိုင်ငံတော်ကောင်စီဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ နိုင်ငံတော်ကောင်စီဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုအား ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုး က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့တင်သွင်းမယ့် အဆိုကတော့ ဥပဒေကြမ်း ကော်မတီ အတွင်းရေးမှူး တစ်ယောက်အနေနဲ့ နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်း ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ဒီနိုင်ငံတော်ကောင်စီဥပဒေတွေဟာဆိုရင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ် ၁၉၇၄ ခုနှစ်၊ အခြေခံဥပဒေအရ ပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။

အဲဒီတုန်းက အုပ်ချုပ်ရေးစနစ် ပုံစံအရ ကျွန်တော်တို့ နိုင်ငံတော်ကောင်စီဆိုတာက နိုင်ငံတော်ရဲ့ ဦးသျှောင်အဖွဲ့အစည်း ဖြစ်ပါတယ်။ သူ့မှာ တာဝန်တွေ အပ်နှင်းထားတဲ့အခါမှာ ဥပဒေပြုရေး တာဝန်တွေရော၊ အုပ်ချုပ်ရေးတာဝန်တွေရော ဒါသူ့မှာ အမြင့်ဆုံးအာဏာပိုင် အဖွဲ့အစည်းအနေနဲ့ ထမ်းဆောင်ရတာ ဖြစ်ပါတယ်။ အဓိကလုပ်ငန်းတာဝန်ကတော့ ဗဟိုအာဏာပိုင် အဖွဲ့အစည်းတွေနဲ့ ပြည်သူ့ကောင်စီ အဆင့်ဆင့်တို့ ကြားထဲမှာ ချောမွေ့အောင် ဆောင်ရွက်ပေးရမယ့် တာဝန်ဖြစ်ပါတယ်။ တိုင်းနဲ့ပြည်နယ် တစ်ခုချင်းစီက နိုင်ငံတော်ကောင်စီဝင်တွေ တစ်ဦးကျစီ လွှတ်တော်ကနေပြီးတော့ ရွေးချယ်တင်မြှောက် ဖွဲ့စည်းပြီးတဲ့အခါမှာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများခန့်အပ်ခြင်း၊ နောက်တစ်ခါ ကျွန်တော်တို့ ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့တို့ ဒီအဖွဲ့တွေကိုလည်း အကုန်လုံး နိုင်ငံတော်

ကောင်စီကပဲ ခန့်အပ်တာတွေ၊ ရုပ်သိမ်းတာတွေ လုပ်တာဖြစ်ပါတယ်။ နောက်တစ်ခုကကျတော့ လွှတ်တော်ဆိုင်ရာ လုပ်ငန်းရပ်တွေမှာလည်း ရေးရာကော်မတီတွေ ဖွဲ့စည်းခြင်း ဒါတွေကိုလည်း နိုင်ငံတော်ကောင်စီကပဲ ဆောင်ရွက် တာဖြစ်ပါတယ်။

အခုအချိန်ကတော့ ကျွန်တော်တို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့ ကိုက်ညီမှု၊ ဆီလျော်မှုလည်း မရှိတော့ပါဘူး။ နောက်တစ်ခါ အုပ်ချုပ်ရေးစနစ်ပုံစံတွေလည်း ပြောင်းသွားပါပြီ။ ပြောင်းသွားပေမယ့် တည်ဆဲဥပဒေတစ်ရပ်အနေနဲ့ ကျန်နေတဲ့အခါမှာ ဒီ နိုင်ငံတော်ကောင်စီကို ကျွန်တော်တို့က ဥပဒေပြဋ္ဌာန်းမှု ရှိနေတဲ့အတွက်ကြောင့်မို့လို့ ဒါ အချိန်မရွေးပြန်ပြီးတော့ ဖွဲ့စည်းနိုင်တဲ့ အနေအထားမျိုး ဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်း ကိုက်ညီမှု မရှိပါဘူး။ နိုင်ငံတော်အနေနဲ့လည်း လက်တွေ့ကျင့်သုံးဆောင်ရွက်နေတာ မရှိတော့တဲ့အတွက် ကြောင့်မို့လို့ တည်ဆဲဥပဒေအဖြစ်ကနေပြီးတော့ ရုပ်သိမ်းဖို့ လိုအပ်လာပါတယ်။

ဒီအတွက်ကြောင့်မို့လို့ ၁၉၇၄ ခုနှစ်မှာ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ဥပဒေအမှတ် ၁၀ အဖြစ် ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံတော်ကောင်စီ ဥပဒေကို ရုပ်သိမ်းတဲ့ ဥပဒေကြမ်းကို ကျွန်တော်တို့ အမျိုးသား လွှတ်တော်ကြီးက လက်ခံဆွေးနွေးပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ထွေး ဖြစ်ပါတယ်။ ခုနက ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဥပဒေကြမ်း ကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး တင်ပြသွားတဲ့ နိုင်ငံတော်ကောင်စီဥပဒေ (ဥပဒေ အမှတ် ၁၀/ ၁၉၇၄) ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ အဆို တင်သွင်းခြင်းကို လက်ခံဆွေးနွေးပေးပါရန် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်ကောင်စီ ဥပဒေ (ဥပဒေ အမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံတော်ကောင်စီ ဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးရန် သင့် / မသင့် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

နိုင်ငံတော်ကောင်စီ ဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဒေါက်တာမြတ်ဉာဏစိုး တင်သွင်းတဲ့ နိုင်ငံတော်ကောင်စီဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ မြန်မာ့တပ်မတော်နှင့် AA လက်နက်ကိုင်အဖွဲ့တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတလော တစ်ကျော့ပြန် ဖြစ်ပွားနေသည့် တိုက်ပွဲများကို ချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရ ဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် တင်သွင်းထားတဲ့ မြန်မာ့တပ်မတော် နှင့် AA လက်နက်ကိုင် အဖွဲ့တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတလော တစ်ကျော့ပြန် ဖြစ်ပွားနေသည့် တိုက်ပွဲများကို ချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် အရေးကြီးအဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များကို ဥက္ကဋ္ဌအနေနဲ့ မေတ္တာရပ်ခံလိုတာ ရှိပါတယ်။ ဒီအဆိုကို ဆွေးနွေးတဲ့အခါမှာ အဆို ခေါင်းစဉ်ပါ အကြောင်းအရာကိုသာ ဦးတည်ဆွေးနွေးစေလိုပါတယ်။ အဆိုခေါင်းစဉ်ပါ အကြောင်းအရာနဲ့ သွေဖည်ပြီး ဆွေးနွေးတာမျိုး မဖြစ်စေလိုပါဘူး။ ဆွေးနွေးတဲ့အခါမှာ အထူးသတိပြုဖို့က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ နိုင်ငံတော်ရဲ့ အခြေခံမူများနဲ့ အညီ အဓိကထား ဆွေးနွေးစေလိုပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ဆောင်ရွက်နေတဲ့ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးကို ထိခိုက်စေမယ့်အချက်များ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကို ထိခိုက်စေမယ့် အချက်များကို ပြောဆိုခြင်းမပြုဖို့ ကြိုတင်အသိပေးအပ်ပါတယ်။ ကိုယ်စားလှယ်တစ်ဦးကို ဆွေးနွေးချိန် (၁၀)မိနစ် ခွင့်ပြုပါမယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၂။**

**ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝေစိန်အောင် မှ မြန်မာ့တပ်မတော်နှင့် AA လက်နက်ကိုင်တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတလော တစ်ကျော့ပြန်ဖြစ်ပွားနေသည့် တိုက်ပွဲများကို ချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရ ဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ရခိုင်ပြည်နယ် အပါအဝင် ကျန်ပြည်နယ်များမှာ ပြည်တွင်းစစ်ကြီး ဖြစ်ပွားလာတာဟာ နှစ်ပေါင်း (၇၀)နီးပါး ကျွန်တော်တို့ မမွေးခင်ကတည်းက ယနေ့အထိ လျော့ပါး မသွားနိုင်ဘဲ တစ်နေ့ထက်တစ်နေ့ ပိုမိုပြင်းထန်လာတယ်လို့ ကျွန်တော်တို့ သုံးသပ်ရင် မှားမယ် မထင်ပါဘူး။ မြန်မာပြည်မကြီးမှ လွဲ၍ ကျန်တိုင်းရင်းသား ပြည်နယ်များမှာ နေရာအနှံ့ တိုက်ပွဲများ ဖြစ်ပေါ်လာခြင်း၊ စစ်ဘေးသင့် ပြည်သူများ များပြားလာခြင်း၊ နေ့စဥ်ရက်ဆက် မြေမြှုပ်မိုင်းများ ဒဏ်ကိုခံနေရခြင်းများ စသည်များဟာ အဆိုးဝါးဆုံး သာဓကပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို ပြည်နယ်အနှံ့မှာ လက်နက်ကိုင်တိုက်ပွဲများ ဖြစ်ရခြင်းဟာ သမိုင်းကြောင်းအရ အင်္ဂလိပ်ကိုလိုနီခေတ်အောက်မှာ တောင်တန်းနဲ့ ပြည်မအတူတကွ လက်တွဲ၍ လွတ်လပ်ရေးရဖို့ ကြိုးပမ်းကြရင်း တောင်တန်းနဲ့ ပြည်မတန်းတူရေးကို ဦးတည်တဲ့ ပင်လုံစာချုပ် ကတိကဝတ်အတိုင်း ဖြစ်ပေါ်လာခြင်း မဖြစ်လို့ကြောင့်ဆိုတာကို ကျွန်တော်လေ့လာသုံးသပ်လိုပါတယ် ခင်ဗျား။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ နိုင်ငံရေး စကားဝိုင်းမှာ ပြောဆိုဆွေးနွေးခွင့် ယနေ့တိုင် အပြည့်အဝ မရရှိခဲ့လို့သာ လက်နက်ကိုင်တိုက်ခိုက်မှုတွေ စဥ်ဆက်မပြတ် ရှိနေခဲ့ခြင်းဖြစ်ကြောင်း လည်း ဖြည့်စွက်ပြောကြားလိုပါတယ်။ ယခင်က တိုင်းတစ်ပါးရဲ့ လက်အောက်မှာ လွတ်လပ်တရား မျှတပြီး တောင်တန်းနဲ့ပြည်မ တန်းတူအခွင့်အရေး အပြည့်အဝရှိတဲ့ ပြည်ထောင်စုတိုင်းပြည်ဖြစ်ဖို့ တပ်မတော် ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ တိုင်းရင်းသားခေါင်းဆောင်များဟာ ဒုက္ခ၊ သုက္ခ များစွာ ရင်ဆိုင်ပြီး အတူတကွ ကြိုးပမ်းလာကြတာပါ။ မသမာသူ လူတစ်စုကြောင့် အာဇာနည် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီး ပင်လုံကတိကဝတ်အတိုင်း ဖြစ်မလာတော့ ပြည်နယ် တိုင်းရင်းသားများဟာ တခြားရွေးချယ်စရာ နိုင်ငံရေးလှုပ်ရှားမှုနည်းလမ်း မရှိတော့တဲ့ အခြေအနေမှာ လက်နက်ကိုင်တိုက်ပွဲဆင်ခြင်း နည်းလမ်းဖြင့် ပြည်ထောင်စုအတွင်းမှာ တန်းတူမျှတမှုများ ရရှိဖို့

ကြိုးပမ်းလာခဲ့ကြပေမယ့် နောက်ဆုံးတော့ ယနေ့တိုင် သောင်းကျန်းသူ၊ သူပုန်များဟု သမုတ်ခံခဲ့ရသည်ကို မျိုးဆက်သစ်လူငယ်တစ်ယောက်အနေဖြင့် စိတ်မကောင်းကြီးစွာ တွေ့မြင်ခဲ့ရပါတယ်။

သမိုင်းကြောင်းအရ လေ့လာကြည့်မယ်ဆိုရင် ဘယ်တိုင်းရင်းသားလူမျိုးမှ နိုင်ငံရေးကို ပျက်ပြားစေလိုတဲ့ စိတ်၊ နိုင်ငံကို ပျက်ပြားစေလိုတဲ့ စိတ်၊ ပြည်သူတစ်ရပ်လုံးကို ထိခိုက်နစ်နာစေလိုတဲ့ ဆန္ဒတွေနဲ့ အကြမ်းဖက်လိုတဲ့ ရည်ရွယ်ချက်များဖြင့် လက်နက်ကိုင်ခြင်းမဟုတ်ဘဲ နိုင်ငံရေးကြောင့်သာဖြစ်ကြောင်း ပြည်နယ်သားတစ်ယောက်အနေနဲ့ လေ့လာသုံးသပ်မိပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်လုံစာချုပ်၏ အနှစ်သာရဖြစ်သော တိုင်းရင်းသားပြည်သူများ လိုလားတောင်းတတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်တရားစီရင်ခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်မှု အပြည့်အဝရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်မှသာလျှင် ပြည်တွင်းစစ်ကြီးကိုချုပ်ငြိမ်းနိုင်မှာဖြစ်ကြောင်း၊ ဒါကြောင့် ပြည်တွင်းရှိ မည်သည့်တိုင်းရင်းသားလက်နက်ကိုင်မဆို အဟောင်းပဲဖြစ်ဖြစ်၊ အသစ်ပဲဖြစ်ဖြစ်၊ ဒီနိုင်ငံနဲ့ပတ်သက်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ကျင်းပစေလိုပါတယ်။ ပြည်ထောင်စုအစိုးရအနေဖြင့် တစ်ပြည်လုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးကြေညာရန် တိုက်တွန်းရင်း ထောက်ခံဆွေးနွေးမှုကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သီဟ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဦးဝေစိန်အောင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ မြန်မာ့တပ်မတော်နှင့် AA လက်နက်ကိုင်အဖွဲ့တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတလော တစ်ကျော့ပြန် ဖြစ်ပွားနေသည့် တိုက်ပွဲများကို ချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရ ဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၇ မှာ ပြဋ္ဌာန်းထားချက်အရ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီးတော့ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိသည်ဟု အတိအလင်းပြဋ္ဌာန်းပါရှိပါတယ်။ ယနေ့ အချိန်အခါမှာ ကျွန်တော်တို့ နိုင်ငံအတွက် အလိုအပ်ဆုံးသော အရာကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားတွေ ရာစုနှစ်ဝက် ထက်ဝက်ကျော် တောင်းဆိုလာခဲ့ကြတဲ့ နိုင်ငံရေးကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းရေးကို ဦးတည်တဲ့ ခြေလှမ်းတစ်ရပ်ဖြစ်တဲ့ နိုင်ငံတော် အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ

အကြားချုပ်ဆိုတဲ့ တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ကိုစွ၊ ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံကိစ္စတွေကို ကျွန်တော်တို့ လေ့လာကြည့်လို့ရှိရင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံး ယနေ့မှာ မပါဝင်နိုင်သေးတာကို တွေ့ရမှာ ဖြစ်ပါတယ်။ NCA ရဲ့ အခြေခံမူ အခန်း(၂)ပါ ဦးတည်ချက်နဲ့ ရည်ရွယ်ချက်များ အပိုဒ်(ဃ)မှာကတော့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ တော်လှန်ရေးကို အခြေခံသည့် နိုင်ငံရေးဆန္ဒကို နားလည်ခြင်းနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲမှုတို့ကို ဦးတည်လျက် တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်တွင် ပါဝင်သင့်၊ ပါဝင်ထိုက်သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အားလုံး အတူတကွ ပါဝင်လက်မှတ်ရေးထိုးရန်လို့ သဘောတူပြဋ္ဌာန်းထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ထို့အတူပဲ NCA ရဲ့ အခြေခံမူများ အခန်း(၁)၊ အပိုဒ်(ဃ)မှာ ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနဲ့ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက် အပြည့်အဝရှိသော ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေး ဆွေးနွေးပွဲ ရလဒ်များနဲ့အညီ တည်ဆောက်သွားရန်ဟု သဘောတူပြဋ္ဌာန်းထားတာကို တွေ့ရှိ ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး အထက်ပါ NCA ပြဋ္ဌာန်းချက်များအားလုံး အကောင်အထည်ပေါ်လာ နိုင်ရန်အတွက် ပါဝင်သင့်၊ ပါဝင်ထိုက်တဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲစကားဝိုင်းသို့ ဖိတ်ခေါ်သင့်ပါကြောင်းနဲ့ ဦးဝေစိန်အောင် ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)၏ အရေးကြီးအဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၁။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်က ငြိမ်းချမ်းရေးကို ဦးတည်ပြီးတော့ ဒီအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ဟူသမျှကိုတော့ လိုချင်ကြိုက်နှစ်သက်တဲ့လူ မရှိပါဘူး။ ကမ္ဘာအနှံ့ဖြစ်ပွားတဲ့ စစ်ပွဲတိုင်းကိုကြည့်လိုက်လို့ရှိရင် တိုက်ခိုက်နေတဲ့စစ်သားတွေကို မတွေ့မြင်ရပါဘူး။ စစ်ကြောင့် ဒုက္ခ ရောက်နေတဲ့ပြည်သူတွေကိုပဲ တွေ့နေရပါတယ်။ စစ်ပွဲတစ်ပွဲဖြစ်ရင် ပထမဆုံး ဆုံးရှုံးတာက ပြည်သူ တွေလို့ ဆိုပါတယ်။ လွတ်လပ်ရေးရကတည်းက တိုက်လာခဲ့တာ သေကြေထိခိုက်ဒဏ်ရာရတာတွေ

ပြည်သူတွေဟာ အခုဖြစ်နေတဲ့ အရှေ့အလယ်ပိုင်းစစ်ပွဲတွေထက် မလျော့နိုင်ပါဘူး။ စစ်တိုက်တာဟာ အလွန်ငွေကုန်ကြေးကျများတဲ့အလုပ်တွေ ဖြစ်ပါတယ်။ လက်ရှိတပ်မတော်နဲ့ တောတွင်းတိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့တွေ ပေါင်းလိုက်ရင် မြန်မာနိုင်ငံသမိုင်းမှာ စစ်အင်အား အများဆုံးအခြေအနေ ရောက်နေတယ်လို့လည်း ပြောကြပါတယ်။ ဒါဟာ မလိုလားအပ်တဲ့အခြေအနေ၊ တိုင်းပြည်အတွက် ငွေကုန်ကြေးကျ အလွန်များတဲ့ အခြေအနေဖြစ်ပါတယ်။ တစ်ဖက်က အင်အားကြီးလာရင် တစ်ဖက်က အင်အားကြီးလာတဲ့သဘောလည်း ဖြစ်ပါတယ်။ လူအင်အားများလာလေလေ စစ်ပွဲရပ်ဆိုင်းဖို့ ပိုခက်လာလေလေ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးကို အလျင်အမြန်ရရှိဖို့ လိုအပ်နေပါတယ်။ မြန်မာ့ပြည်တွင်းစစ်ဟာ တိုင်းရင်းသားတွေ ဖက်ဒရယ်အခွင့်အရေးတောင်းဆိုတာနဲ့ ဆက်နွယ်ပြီး ဖြစ်လာတာ ဖြစ်ပါတယ်။ တိုင်းရင်းသားတွေနဲ့တပ်မတော်က သယံဇာတတိုက်ပွဲအတွက် တိုက်နေတဲ့ အချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံက သယံဇာတတွေဟာ အိမ်နီးချင်းနိုင်ငံတွေကို ရောက်သွားပြီးတော့ ဆုံးရှုံးနေတာတွေ အများကြီး ရှိပါတယ်။ ဖက်ဒရယ်အခွင့်အရေးရှေ့မှာ ကျွန်တော်တို့ ငြိမ်းချမ်းရေး ရှိပါတယ်။ ဖက်ဒရယ်ရဖို့အတွက် အရင်ငြိမ်းချမ်းရေး လိုပါတယ်။ ငြိမ်းချမ်းရေးရှေ့မှာ အတိုက်အခတ် ရပ်စဲရေး အရင်လုပ်ရမှာဖြစ်ပါတယ်။ အဲဒါကြောင့် ဒီဖြစ်စဉ်တွေဟာ ရှည်လျားတဲ့ ဖြစ်စဉ်တွေ ဖြစ်ပါတယ်။

ဒါကြောင့် ခုကတည်းက နှစ်ဖက်တပ်ဖွဲ့တွေဟာ အတိုက်အခတ်ရပ်စဲမှ ဖြစ်မှာ ဖြစ်ပါတယ်။ ခုဆိုရင် တိုက်ပွဲဖြစ်ပွားတာ (၆၈)နှစ် ရှိပြီဖြစ်ပါတယ်။ ကျွန်တော်တို့ခေတ်မှာ မလုပ်ခဲ့ဘူးဆိုရင် ပြည်တွင်းစစ် စိန်ရတုသဘင် မဝေးတော့ဘူး။ ပြည်တွင်းစစ် ရာပြည့်ကိုလည်း စောင့်ပြီးတော့ ကျွန်တော်တို့ သားတွေ၊ သမီးတွေ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဖြစ်တဲ့နည်းနဲ့ စစ်ပွဲတွေကို ရပ်ဖို့ အားလုံးက ဝိုင်းဝန်းပြီးတော့ ကြိုးစားရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သကြံန်ကာလအတွင်း တပ်မတော်နဲ့ AA ရခိုင်တပ်ဖွဲ့တို့ တိုက်ပွဲကြောင့် လူတွေ ဒုက္ခကြုံနေရပုံကို တင်ပြချင်ပါတယ်။ လောလောဆယ် စစ်ရှောင်ဒုက္ခသည် (၁၅၀၀)လောက် ရှိနေပါတယ်။ တဖြည်းဖြည်းလည်း တိုးနေပါတယ်။ သူတို့ရဲ့ ကြက်၊ ဝက်၊ ကျွဲ၊ နွား၊ စိုက်ခင်းတွေဟာ ဆုံးရှုံးပြီးမှ အဲဒီဒုက္ခသည်တွေဟာ တောထဲကနေပြီးတော့ အခု လုံခြုံဘေးကင်းရာ မြေပြန့်တွေကို ဆင်းလာပါတယ်။ အချို့တောထဲမှာ ကျန်တဲ့ ဒုက္ခသည်တွေကျတော့ ရိက္ခာသွားပေးမယ့်လူတွေ၊ လိုအပ်တဲ့ဆေးဝါးတွေ သွားရောက်ပေးမယ့် လူတွေ မရှိတော့တဲ့အတွက် အဲဒီလူတွေဟာလည်း အတိဒုက္ခ အများကြီး ရောက်လျက်ရှိပါတယ်။ အချို့ရွာတွေကျတော့ အကုန်လုံး ဒီတစ်ရွာလုံးက စစ်ရှောင်လာကြတာ ရှိပါတယ်။ ရွာနားတွေမှာအမြောက်ဆံကျနေတာရှိပါတယ်။ အမြောက်ဆံတွေ တဂျိမ်းဂျိမ်းကျနေလို့ တောထဲက ပြေးဆင်းလာကြတာ ဖြစ်ပါတယ်။

အခု စစ်ရှောင်တွေဟာ ဘေးကင်းတဲ့ရွာတွေမှာရှိတဲ့ စာသင်ကျောင်းတွေမှာ ခိုလှုံနေပါတယ်။ စားဝတ်နေရေး၊ ကျန်းမာရေး အခက်အခဲမျိုးစုံ ကြုံတွေ့နေရပါတယ်။မကြာခင် မိုးကျပြီးတော့ ကျောင်းတွေ ပြန်ဖွင့်မှာမို့ သူတို့ကိုဘက်ပေါင်းစုံက ကူညီဖို့၊ ထောက်ပံ့ပေးဖို့ လိုအပ်နေပါတယ်။ အသင်းအဖွဲ့ စေတနာရှင်များက တတ်နိုင်သလောက် လှူကြပေမယ့်လည်း မလုံလောက်သေးပါဘူး။ အစိုးရဌာနဆိုင်ရာတွေက ကူညီပံ့ပိုးပေးဖို့လိုအပ်ပါတယ်။ ဒုက္ခသည်အရေးကို အပြီးအပြတ် ဖြေရှင်းဖို့

ဆိုရင်တော့ ကျွန်တော်တို့ အပစ်အခတ်ရပ်စဲရေးကို အရင်ဆုံးလုပ်ရမှာ ဖြစ်ပါတယ်။ ဒုက္ခသည်အခိက ကြောက်နေတာက Porter ဆွဲခံရမှာကိုဖြစ်ပါတယ်။ Porter တွေဟာ ရိက္ခာ၊ လူနာနဲ့ လက်နက် ပစ္စည်းကို မနိုင့်တနိုင် ထမ်းနေရပါတယ်။ ရွာတစ်ရွာမှာ လူနှစ်ဦး သုံးဦး Porter အဆွဲ ခံရပြီဆိုရင် တစ်ရွာလုံးက အဲဒီလူတွေအတွက် စိုးရိမ်ကြောင့်ကြ ပူပန်နေကြရပါတယ်။

အခုတိုက်ပွဲတွေအတွင်းမှာ အတိအကျ Porter ဆွဲခံရသူ (၂၀)လောက်ရှိပါတယ်။ သူတို့ရဲ့ ထွက်ဆိုပြောပြချက် ဗွီဒီယိုတွေ၊ အသံဖိုင်တွေလည်း အများကြီးရှိပါတယ်။ ကျွန်တော်ကတော့ အဲဒီ စစ်ဘေးရှောင်စခန်းတွေကို သွားပြီးတော့ သူတို့တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ အထောက်အထား သက်သေ တွေဆိုတာကတော့ အဲဒီ Porter အဆွဲခံရတဲ့ ရွာသားတွေအားလုံးတွေဟာ အထောက်အထား သက်သေတွေပါပဲ။ အချို့ရွာတွေမှာဆိုရင် ရွာသားတွေအချင်းချင်းညှိပြီးတော့ ဘယ်သူက Porter လိုက်သွားဆိုပြီးတော့ ခွဲတမ်းချပေးလိုက်တာတွေ ရှိပါတယ်။ အဆွဲခံရတဲ့ Porter တွေ ကိုယ်တိုင်လည်း

**ဥက္ကဋ္ဌ**။ ။ လိုရင်းကိုအခိကထားဆွေးနွေးပါ။

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ ဒုက္ခသည်စခန်းမှာ အကုန်လုံးနီးပါး ရောက်လို့ရှိနေပါပြီ။ သူတို့ကို တိုက်ရိုက်သွားမေးပြီးတော့လည်း ရပါတယ်။ တစ်ယောက်ကတော့ (၁၅)ရက်လောက် ခေါ်သွားတာ ကြာပါပြီ။ ခုထိမရောက်သေးပါဘူး။ တကယ်လို့ လွှတ်တော်ကြီးက ကြားနာမယ်ဆိုရင် အဲဒီလူတွေကို ကျွန်တော်တို့ ခေါ်ပေးလို့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းစစ်ဆိုတာ မလိုလားအပ်တဲ့စစ်ပွဲမျိုးဖြစ်ပါတယ်။ ညီနောင် တိုင်းရင်းသားအချင်းချင်း ခင်းတဲ့စစ်ပွဲပါ။ တပ်မတော်နဲ့ AA လက်နက်ကိုင်တပ်ဖွဲ့တို့ အခု တိုက်ပွဲမှာ တပ်ရင်းမှူးအချို့ဆိုရင် ရခိုင်သားတွေပါ။ တပ်သားတွေမှာလည်း ရခိုင်တွေ ပါပါတယ်။ Porter အဆွဲခံရတာလည်း ရခိုင်လူမျိုး၊ မြိုလူမျိုးတွေ ဖြစ်ပါတယ်။ စစ်ဘေးရှောင် ဒုက္ခသည်တွေလည်း ရခိုင်တွေ ဖြစ်ပါတယ်။ AA ဘက်ကလည်း ရခိုင်တွေပါပဲ။ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်မှာလည်း ဒီလိုပဲ အချင်းချင်းတိုက်ခိုက်နေကြတာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုရင် တပ်မတော်ဆိုတာကလည်း တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ တောတွင်းလက်နက်ကိုင်တပ်ဖွဲ့တွေဆိုတာကလည်း တိုင်းရင်းသားတွေပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုအချင်းချင်းဖြစ်တဲ့ စစ်ပွဲကို စားပွဲဝိုင်းမှာ ညှိနှိုင်းဖြေရှင်းလို့ မရနိုင်စရာအကြောင်းမရှိပါဘူး။ ပြီးခဲ့တဲ့ အစိုးရလက်ထက်ကလည်း အမျိုးသား ရင်ကြားစေ့ရေး၊ ထာဝရငြိမ်းချမ်းရေးကို ကြွေးကြော်ပြီးတော့ အကောင်အထည်ဖော်လာခဲ့ပါတယ်။ NCA အပိုင်းရဲ့စာချုပ်ကို တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့အချို့ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ အချို့ကတော့လက်မှတ်ရေးထိုးနိုင်ခြင်း မရှိပါဘူး။

ဒါပေမဲ့ NCA မူကို သဘောမတူလို့ ငြင်းပယ်တဲ့ လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့မှ မရှိပါဘူး။ လက်နက် ကိုင်တပ်ဖွဲ့အားလုံးကို အသိအမှတ်မပြုလို့ မပါဝင်နိုင်ကြလို့သာလျှင် အဖွဲ့အားလုံးက လက်မှတ်မထိုးကြတာ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ကလည်း ယခင်အစိုးရလက်ထက်ကတည်းက အပစ်အခတ်ရပ်စဲရေး၊ ပူးတွဲစောင့်ကြည့်ရေး လုပ်ငန်းနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဥ်မှာ ပါဝင်ကူညီ ဆောင်ရွက်လာတာ အစဥ်တစိုက်ဖြစ်ပါတယ်။ အခုအစိုးရကလည်းပဲ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး၊ (၂၁)ရာစု ပင်လုံညီလာခံ စတာတွေကို အလေးထား

အကောင်အထည် ဖော်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒီလိုကာလမျိုးမှာ တိုင်းရင်းသားတွေ တပ်ဖွဲ့ကို ငြိမ်းချမ်းရေးစားပွဲဝိုင်းကြီးကို ခေါ်ဆောင်ဖို့ အကောင်းဆုံးအချိန် ဖြစ်ပါတယ်။ လွန်ခဲ့တဲ့တစ်နှစ်လောက်ကသာ AA တပ်ဖွဲ့အနေနဲ့ အပစ်အခတ်ရပ်စဲရေး လုပ်နိုင်ဖို့ NCA စာချုပ် လုပ်ငန်းစဉ်တွေမှာ ပါဝင်လက်မှတ်ထိုးနိုင်ခွင့် ရခဲ့မယ်ဆိုရင် (၃၅)နှစ်ကြာ သေနတ်သံမကြားခဲ့ရတဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ အခုလို တိုက်ပွဲတွေ ပြန်လည်ပြီးတော့ ဖြစ်လာမှာမဟုတ်ဘူး။ ပြည်သူတွေလည်း အခုလို ဒုက္ခရောက်မှာ မဟုတ်ဘူးလို့ ဆွေးနွေးရင်း ကျွန်တော် နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါ်နော်လှလှစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၉။**

**ဒေါ်နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နော်လှလှစိုး ဖြစ်ပါတယ်။ မနေ့က ကျင်းပခဲ့တဲ့ အမျိုးသားလွှတ်တော် အစည်းအဝေးမှာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝေစိန်အောင် တင်သွင်းခဲ့တဲ့ မြန်မာ့တပ်မတော်နှင့် AA လက်နက်ကိုင် တပ်ဖွဲ့တို့ကြား ရခိုင်ပြည်နယ်တွင်း ယခုတလော တစ်ကျော့ပြန်ဖြစ်ပွားနေသော တိုက်ပွဲများကို ချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရ ဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုအပေါ်မှာ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံတစ်ခုဖြစ်တာနဲ့အညီ ဒီမိုကရေစီ စံချိန်စံနှုန်းများနဲ့ ညီညွတ်စွာ အဆိုတစ်ရပ်ကို ပြည်သူ့ကိုယ်စားလှယ်တွေ ဝိုင်းဝန်းဆွေးနွေးအဖြေရှာ ဆောင်ရွက်ခြင်းဟာ ကျွန်မတို့ အမျိုးသားလွှတ်တော်ရဲ့ ဒီမိုကရေစီ အသီးအပွင့်များ ဝေဆာဖွံ့ဖြိုးမှုကို ဖော်ပြနိုင်ခြင်း ဖြစ်ပါတယ် ဆိုတာကို ဦးစွာတင်ပြလိုပါတယ်။ အဲဒါကြောင့်မို့လို့ မနေ့က ကျင်းပခဲ့တဲ့လွှတ်တော် အစည်းအဝေးမှာ အခု အရေးကြီးအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူတဲ့အချိန်မှာ ကျွန်မအပါအဝင် လွှတ်တော်ကိုယ်စားလှယ်အချို့က မတ်တပ်ရပ်ပြီးတော့ ထောက်ခံခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးမှာတော့ နိုင်ငံရေးပါတီအသီးသီးနဲ့ တပ်မတော်သား ကိုယ်စားလှယ်အစုအဖွဲ့တွေကနေပြီးတော့ ကိုယ်စားလှယ်ကြီးတွေအနေနဲ့ မိမိတို့ရဲ့အမြင်၊ ရှုထောင့်၊ ခံစားချက်တွေကို ဆွေးနွေးတင်ပြခွင့်ရပြီးတော့ကာ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနဲ့အညီ အဆိုအပေါ်မှာ အဆုံးအဖြတ်ပြု ဆောင်ရွက်ရမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံသားတွေဟာ ဘယ်သူမဆို ငြိမ်းချမ်းရေးကို လိုလားပါတယ်။ စစ်မက်ဖြစ်ပွားမှုကို ဘယ်သူမှမလိုလားပါဘူး။ အထူးသဖြင့်တော့ ပြည်တွင်းမှာ

ဖြစ်ပွားနေတဲ့ အချင်းချင်းလက်နက်ကိုင်ပြီးတော့ တိုက်ပွဲတွေ ဆင်နွှဲနေရတာကို ဘယ်နိုင်ငံသားမှ နှစ်သက်လိုလားခြင်း မရှိပါဘူး။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာ စစ်ပွဲတွေ၊ တိုက်ပွဲတွေ ဖြစ်နေတဲ့အတွက်ကြောင့် နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အင်မတန်မှ အဟန့်အတားဖြစ်စေပါတယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတွေကိုလည်းပဲ အက်ကြောင်းထင်စေပါတယ်။ အသက်အိုးအိမ်၊ စည်းစိမ် ဆုံးရှုံးရတဲ့အတွက်ကြောင့် အဖိုးတန်တဲ့ လူ့အရင်းအမြစ်အပါအဝင် နိုင်ငံ့စွမ်းအားစုတွေကို လေလွင့်ဆုံးရှုံးရပါတယ်။ တိုင်းရင်းသားရင်သွေးငယ်တွေရဲ့ ပညာရေး၊ မိသားစုတွေရဲ့ ကျန်းမာရေး၊ မိဘဘိုးဘွားတွေ ရဲ့သယံဇာတ အမွေအနှစ်များအပါအဝင် နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ ပိုင်ဆိုင်မှုတွေဟာ ဆုံးရှုံးရပါတယ်။ အခွင့်အရေးတွေ ပျောက်ပျက်သွားရပါတယ်။ မျှော်လင့်ချက်တွေလည်း ဆုံးရှုံးရပါတယ်။

အထူးသဖြင့်တော့ လူ့အခွင့်အရေးတွေ ဆုံးရှုံးမှုတွေ ဖြစ်ရတဲ့အတွက်ကြောင့် စစ်မက်ကင်းစင်တဲ့ ပြည်ထောင်စုကြီးအဖြစ်သာ အေးအတူ ပူအမျှ လက်တွဲနေထိုင်ဖို့ ကျွန်မတို့နိုင်ငံသားတိုင်းမှာ ဆန္ဒရှိကြပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ တိုင်းရင်းသားညီအစ်ကိုတွေ ဖြစ်နေတဲ့တိုက်ပွဲတွေကို ရပ်ဆိုင်းပြီးတော့မှ နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာသင့်တယ်ဆိုတာ အင်မတန်မှ မှန်ကန်သင့်မြတ်တဲ့ အဖြေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ အစိုးရအဆက်ဆက်ကနေပြီးတော့ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းအဖြေရှာခဲ့ပါတယ်။ ဒါပေမဲ့ သေနတ်သံတွေ မစဲသေးတာ နှစ်ပေါင်း(၆၀)ကျော် (၇၀)နီးပါး ရှိခဲ့ပါပြီ။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။အခုအချိန်မှာတော့ ငြိမ်းချမ်းရေးအတွက် လမ်းစရောင်နီ ပေါ်ထွန်းလာခဲ့ပြီဆိုတာကို ကျွန်မတို့အားလုံး ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လူထုခေါင်းဆောင်ကိုယ်တိုင် ဦးဆောင်ပြီးတော့ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးတွေဖြစ်တဲ့ ဗိုလ်ချုပ်ကြီးတွေ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းမှ တိုင်းရင်းသားခေါင်းဆောင်တွေ၊ ကိုယ်စားလှယ်တော်ကြီးတွေ၊ ငြိမ်းချမ်းရေး အကျိုးဆောင်ပုဂ္ဂိုလ်ကြီးတွေ စုဝေးပြီးတော့ နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာမယ့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေ မကြာခင်မှာ ပေါ်ပေါက်လာမယ်ဆိုတာကိုလည်း တိုင်းသိပြည်သိပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင်။ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း ဝမ်းမြောက်တသာ ကြိုဆိုကြတယ်။ ကူညီဆောင်ရွက်ပေးဖို့ ကမ်းလှမ်းတဲ့ သတင်းကောင်းတွေကိုလည်း တွေ့မြင်ကြားသိနေရပြီ ဖြစ်ပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း (၂၁)ရာစုရဲ့ ပင်လုံညီလာခံတစ်ရပ်အဖြစ် ဆောင်ရွက်နိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းကူညီပေးကြဖို့ ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့ ဆွေးနွေးတင်ပြလိုတာကတော့ ငြိမ်းချမ်းရေးကို ပြည်သူတစ်ရပ်လုံး လိုလားပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေ ရပ်စဲဖို့ကိုလည်း ပြည်သူတစ်ရပ်လုံးက ဆန္ဒရှိပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတစ်ဝန်းလုံးမှာ ငြိမ်းချမ်းရေး လက်တွေ့ကျကျ ဖြစ်ထွန်းစေဖို့အတွက် မကြာမီပေါ်ပေါက်လာတော့မယ့် (၂၁)ရာစု ပင်လုံညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ပြည်သူတစ်ရပ်လုံးကလည်း ကျရာအခန်းကဏ္ဍကနေပြီးတော့ ပါဝင်ဆောင်ရွက်ဖို့ အသင့်ရှိနေပြီဖြစ်တဲ့အတွက်ကြောင့် အခုတင်သွင်းတဲ့အရေးကြီး အဆိုကို နိုင်ငံတစ်ဝန်းလုံးက တိုင်းရင်းသားပြည်သူများနဲ့သက်ဆိုင်မှု၊ ပါဝင်ဆောင်ရွက်နိုင်မှု အခြေအနေများအပေါ် အလေးအနက်သုံးသပ်ပြီး လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း လေးနက်စွာ တင်ပြဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၅။**

**ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံအောင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝေစိန်အောင် တင်သွင်းခဲ့တဲ့ မြန်မာ့တပ်မတော်နှင့် AA လက်နက်ကိုင်အဖွဲ့တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတလော တစ်ကျော့ပြန်ဖြစ်နေတဲ့ တိုက်ပွဲများကို ချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရ ဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုနဲ့ ပတ်သက်၍ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်အခါမှာ မိမိနိုင်ငံတော်တည်ဆောက်ရေးအတွက် ကဏ္ဍစုံမှ အရှိန်အဟုန် ဆောင်ရွက်ရမည်ဖြစ်ရာ ငြိမ်းချမ်းရေးသည်လည်း မိမိနိုင်ငံအတွက် အဓိကကျပါတယ်။ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် လာမည့်တစ်လနှစ်လအတွင်း ထာဝရငြိမ်းချမ်းရေးကို ရည်ရွယ်လျက် (၂၁)ရာစုပင်လုံညီလာခံဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြည်ထောင်စုအဆင့် အပစ်အခတ်တိုက်ခိုက်ရေး၊ ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ GNCU အဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ပြောကြားခဲ့ပါတယ်။ ထိုသို့ပြောကြားရာ တကယ်စေတနာမှန်ပါက မအောင်မြင်စရာမရှိ၊ အများနှင့်ပူးပေါင်း လုပ်ဆောင်တဲ့နေရာတွင် အပေးအယူ၌ အဓိကအားဖြင့် ဘာပေးမည်ဆိုသည်ကို တစ်ယောက်ချင်း တစ်ယောက်ချင်းက စဉ်းစားပေးပါက အများကြီးအောင်မြင်မည်ဟု ပြောကြားချက်မှာ အဓိပ္ပာယ် ပြည့်ဝလှပါတယ်။ မိမိတို့နိုင်ငံသည် နှစ်ပေါင်း(၆၀)ခန့် ပြည်တွင်းစစ်ကို ဆင်နွှဲခဲ့ရသဖြင့် အာဆီယံနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအနောက်ကျဆုံးဖြစ်ခဲ့ရသည်ကို အားလုံးအသိပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ ပြည်တွင်းစစ်၏ ဆိုးကျိုးများကို ထိခိုက်ခံစားခဲ့ရသည်မှာ ပြည်သူများပင်ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ AA လက်နက်ကိုင် အဖွဲ့အနေဖြင့် အထက်ပါသင်ခန်းစာများကိုရယူပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခု၊ ၎င်းအပေါ် တပ်မတော်တစ်ခု တည်ဆောက်ခြင်းအားဖြင့် မလိုလားအပ်သည့် အင်အားဖြုန်းတီးမှုသာ ဖြစ်နိုင်စေပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကို ရှေးရှုဆောင်ရွက်ခြင်းသာ မိမိဒေသဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်မှသာ ရရှိမှာဖြစ်ပါတယ်။ လက်နက်ကိုင်တိုက်ခိုက်ခြင်းအားဖြင့် စစ်မှန်တဲ့ ငြိမ်းချမ်းရေးမှာ ပို၍အလှမ်းဝေးကွာမည်ဖြစ်သလို လက်နက်ကိုင်အဖွဲ့အစည်းထူထောင်ခြင်းအတွက် လိုအပ်သည့် လက်နက်ခဲယမ်း၊

ငွေကြေးရရှိရန်အလို့ငှာ မူးယစ်ဆေးဝါး၊ သယံဇာတ၊ လက်နက်ခဲယမ်းမှောင်ခိုရောင်းဝယ်ခြင်းဖြင့် ပြည်သူများထံ ငွေကြေးအတင်းအကြပ်ကောက်ခံခြင်းတို့၊ နယ်မြေလူထု ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်း၊ တိုက်ပွဲများဖြစ်ခြင်းနဲ့လည်း အဆိုရှင်ဆွေးနွေးသည့် အလုပ်ပျက် အကိုင်ပျက်ဖြစ်ကာ စစ်ဘေး ဒုက္ခသည်များ ပိုမိုများပြားပြီး ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ အချိန်အခါအရ ငြိမ်သက်နေတဲ့ ဘာသာအစွန်းရောက်များရှိသလို RSO, ARNO ကျားမားအိုလာ၊ အိုလားမား၊ အစ္စလာမ်မစ် အဖွဲ့စတဲ့ ကုလားဆိုး အကြမ်းဖက် သောင်းကျန်းသူ (၃)ဖွဲ့ဟာ တစ်ဖက်နိုင်ငံမှာ အခြေပြုပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း ထိုးဖောက် ဝင်ရောက်ဖို့ အမြဲပြင်ဆင်လျက် ရှိနေပါတယ်။ IS အဖွဲ့ရဲ့ ရခိုင်ပြည်နယ်နဲ့ပတ်သက်လို့ ခြိမ်းခြောက်မှု တွေ နိုင်ငံတကာလေ့လာသူ အသိုင်းအဝိုင်းရဲ့ ရခိုင်ပြည်နယ်ကို အာရှဒေသရဲ့ ကိုဆိုဗိုအဖြစ် ပုံဖော် လာနိုင်တယ်ဆိုပြီး သတိပေးချက်တွေကိုလည်း ကျွန်တော်တို့ ဂရုစိုက်ရမှာ ဖြစ်ပါတယ်။ မြို့နယ် လူဦးရေရဲ့ (၉၀)ရာခိုင်နှုန်းကျော်ဟာ ဘင်္ဂလီများ ဖြစ်နေတဲ့ ဘူးသီးတောင်၊ မောင်တောမြို့နယ် များရဲ့ အခြေအနေကို ကျွန်တော်တို့ ထဲထဲဝင်ဝင် ဂဃဏန သိဖို့ လိုပါတယ်။ ရခိုင်လက်နက်ကိုင်အဖွဲ့ AA အသိအမှတ်ပြုခြင်း၊ တရားဝင်စေခြင်းဖြင့် နောက်ဆက်တွဲ ဘာတွေ ဖြစ်လာနိုင်မလဲဆိုတာ သေချာ တွက်ဆဖို့ လိုပါတယ်။ စစ်မက်ဖြစ်ပွားလျက်ရှိတဲ့ ဒေသများမှာ ပြည်သူလူထုတစ်ဦးချင်း ဆင်းရဲဒုက္ခ မျိုးစုံကြုံတွေ့ခံစားရသကဲ့သို့ အဆိုပါဒေသမှာလည်း ဖွံ့ဖြိုးတိုးတက်မှုနဲ့ အလှမ်းဝေးကွာပြီး ဒေသခံ ပြည်သူများကိုသာ ပို၍ ပို၍ ဆင်းရဲဒုက္ခများ ဖြစ်ပေါ်စေသည့် ဒုက္ခသံသရာ ဆက်လက်လည်စေမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ တိုက်ပွဲများ အမြန်ဆုံး ရပ်စဲရန်အတွက် မှန်ကန်သော ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင်တွေ့ဆုံ ဆွေးနွေးအဖြေရှာသင့်ကြောင်း စေတနာကောင်းဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်သန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၂။**

**ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သန်း ပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝေစိန်အောင် ရဲ့ အရေးကြီး အဆိုကို ကျွန်တော့် အမြင်နဲ့ ဆွေးနွေးလိုပါတယ်ခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်ကြီးအတွက် ငြိမ်းချမ်းရေးဟာ အလွန် အရေးကြီးပါတယ်။ ပြည်သူတစ်ရပ်လုံးရဲ့ ငြိမ်းချမ်းစွာ နေထိုင်လိုမှုဆန္ဒကို မိမိတို့ဘက်က ဘယ်လို

ဖြည့်ဆည်းပေးရမလဲဆိုတာ ဦးစားပေး စဉ်းစားသင့်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်များမှာ တပ်မတော်ဘက်ကဖြစ်စေ၊ အခြားဘက်ကဖြစ်စေ ထိခိုက်ဆုံးရှုံး ကျဆုံးသူများဟာ မိမိတို့ရဲ့ တိုင်းရင်းသားညီအစ်ကိုများပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်များရဲ့ သမိုင်းကို ပြန်ကြည့်ရရင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးမတိုင်မီ ကာလကပင် နယ်ချဲ့တို့ရဲ့ သပ်လျှိုသွေးခွဲအုပ်ချုပ်မှုစနစ်များကြောင့် စတင်ဖြစ်ပေါ်လာခဲ့ရာမှ ဖဆပလခေတ် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့တဲ့ အစိုးရများလက်ထက်၌ အရှိန်အဟုန်မြင့်မားလာခဲ့ပြီး ယနေ့ကာလတိုင် ဖြေရှင်း၍ မပြီးစီးနိုင်သေးကြောင်း ပြဿနာတစ်ခု ဖြစ်ပါတယ်။ နိုင်ငံရေးအရ ဖြေရှင်းဖို့ အစိုးရအဆက်ဆက် ကြိုးစားခဲ့သော်လည်း ယုံကြည်မှု တည်ဆောက်နိုင်ခြင်း၊ ဘေးပယောဂများ ပူးကပ်နှောင့်ယှက်နေခြင်းများကြောင့် ထာဝရငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်ဘဲ အဆုံးစွန်ဆုံး နည်းလမ်းဖြစ်သည့် လက်နက်ကိုင်တိုက်ခိုက်သည့် စစ်ရေးနည်းလမ်းဖြင့် အသုံးပြုဖြေရှင်းခဲ့ကြရင်း တိုင်းရင်းသားအားလုံးအနေဖြင့် မည်သူမျှ ကောင်းကျိုးမရရှိသော ထိခိုက်ဆုံးရှုံးမှု များပြားသော ပြည်တွင်းစစ်မီးဟာ ယခုတိုင် တောက်လောင်နေဆဲ ဖြစ်ပါတယ်။ တိုက်ပွဲများ ဆက်လက်ဖြစ်ပွား နေခြင်းဖြင့် ငြိမ်းချမ်းရေးနဲ့ အလှမ်းကွာဝေးနေရမှာ ဖြစ်ပြီး မလိုလားအပ်သော ဘေးပယောဂများ ဝင်ရောက်လာမှာ ဖြစ်တဲ့အတွက်ကြောင့် တိုင်းရင်းသား ပြည်သူလူထုမှာ မြွေပူရာ ကင်းမှောက်ဆိုသလို ပို၍ ပို၍ ဒုက္ခဆင်းရဲတွင်းများနဲ့သာ ကြုံတွေ့ကြရမှာကို အားလုံးက အသိတရားနဲ့ ရင်ထဲအသည်းထဲက နားလည်ထားကြဖို့ လိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိရင်ဆိုင်နေရသော ဆိုးကျိုးများနဲ့ ဆင့်ကဲပေါက်ပွားလာနိုင်တဲ့ ပိုမိုဆိုးဝါးသော နောက်ဆက်တွဲ အကျိုးဆက်များကို မျှော်မြင်လျက် မီးလောင်ရာလေပင့် မလုပ်ကြဘဲ မုန်းစကို တိုစေ၊ ချစ်စကို ရှည်စေ ဆိုသည့် ဆိုရိုးစကားနှင့်အညီ ငြိမ်းချမ်းရေးကို စားပွဲဝိုင်းတွင် ဆွေးနွေးခြင်းဖြင့်သာ ရရှိနိုင်မည်ဖြစ်ကြောင်း ခိုင်မာသော သန္နိဋ္ဌာန်ဖြင့် ဝိုင်းဝန်းဆောင်ရွက်သင့်ကြပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသော ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်းတို့ ဆောင်ရွက်မည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် (၁၉)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၄ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၁၁း၀၆ နာရီအချိန်တွင် ရပ်နားပါသည်။]